


ယခုတို့စကားကိုနားထောင်လော့




Lesson 7 for November 14, 2026















“ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေ ဖြစ်အံ့သောငှာ ထိုသူတို့၌ ရောက်ကြ၏။ ကပ်ကာလ အဆုံးတွင် ဖြစ်သောငါတို့ကို ဆုံးမစရာဖို့ ကျမ်းစာ၌ ရေးထားလျက်ရှိ သတည်း”
(၁ ကောရိန္သု ၁၀း၁၁)





ဘုရားသခင်၏ ပရောဖက်တို့သည် မြင့်မြတ်သော ကိုယ်ကျင့်တရားစံနှုန်းကို စောင့်ထိန်းကြသည်။ လူတို့အား ဘုရားသခင်ထံ ပိုမိုဆည်းကပ်စေပြီး၊ အပြစ်ကို သတိပေးလျက် နှစ်သိမ့်ခြင်းနှင့် ခွန်အားပေးခြင်းတို့ကို ပြုကြသည်။

သူတို့၏စကားကို နားထောင်၍ လက်ခံသူတို့သည် များစွာသော အကျိုးကျေးဇူးကို ရရှိခဲ့ကြသည်။

ဥပမာ၊ အာသ (၂ရာ၊ ၁၅:၁-၈)၊ ယောရှဖတ် (၂ရာ၊ ၂၀:၁၄-၂၃) နှင့် အာမဇိ (၂ရာ၊ ၂၅:၇-၁၀) တို့သည် ပရောဖက်စကားကြောင့်အောင်မြင်ခြင်းရခဲ့ကြသည်။ သို့သော် အစွဲရေးလူမျိုးအများစုသည် ပရောဖက်များ၏ သတင်းစကားကို လက်မခံဘဲ မကြာခဏ ပယ်ချခဲ့ကြသည်။ ယနေ့တွင်လည်း ဘုရားသခင်သည် မိမိ၏ပရောဖက်များမှတစ်ဆင့် ဆက်လက်၍ စကားပြောနေတော်မူပါသည်။

ကျွန်ုပ်ပရောဖက်သတင်းစကားကို မည်သို့ တုံ့ပြန်သလဲ။



- တမန်တော်ကို ပယ်ချခြင်း
- သတင်းစကားကို ပယ်ချခြင်း
  - မထီမဲ့မြင်ပြုခြင်း
  - ခေါင်းမာခြင်း
  - ဟန်ဆောင်ခြင်း
- လက်တွေ့အသုံးပြုခြင်း

ဘမန်တော်ကိုပယ်ချခြင်း



“ကသရေလအမျိုးသားအပေါင်းတို့သည် မောရှေနှင့် အာရုန်ကို အပြစ်တင်မြည်တမ်းကြ၏။ ယောရှုနှင့် ကာလက်တို့သည် မိမိတို့အဝတ်ကို ဆုတ်ဖြဲ၍ လူအပေါင်းတို့အား ဘုရားသခင်ကို ယုံကြည်ကြရန် တိုက်တွန်းကြ၏။ သို့သော် ပရိသတ်အပေါင်းတို့သည် သူတို့ကို ကျောက်ခဲနှင့် ပစ်သတ်ရန် ကြံစည်ကြ၏။” (တောလည်ရာ ၁၄:၂-၁၀)



ကတိထားရာပြည်တော်သို့ ရောက်ခါနီးတွင် သူလျှိုများကို ပြည်တော်ကို စူးစမ်းရန် စေလွှတ်ခဲ့သည်။ သူတို့သည် ထိုပြည်ကို ဘုရားသခင် မိန့်တော်မူသည့်အတိုင်း ကောင်းသောပြည်ဖြစ်ကြောင်း သက်သေခံကြသော်လည်း စိတ်ပျက်အားလျော့စေသော သတင်းကိုလည်း ထပ်ဖြည့်ပြောဆိုကြသည် (တောလည်ရာ ၁၃:၂၇-၂၈၊ ၃၁)။ ထိုအခါ ကာလက်အားဖြင့် ဘုရားသခင်သည် ထိုပြည်ကို သိမ်းပိုက်ရန် အားပေးတော်မူခဲ့သည် (တောလည်ရာ ၁၃:၃၀)။



တစ်ညလုံး စဉ်းစားပြီးနောက်၊ လူတို့သည် မိမိတို့ကို ဦးဆောင်ခဲ့သော ဘုရားသခင်၏ တမန်များကို ငြင်းပယ်ရန် ဆုံးဖြတ်ကြသည် (တော ၁၄:၁-၄)။ ယောရှုနှင့် ကာလက်တို့က အားပေးစကားထပ်မံပြောသောအခါ၊ သူတို့ကို ကျောက်ခဲနှင့် ပေါက်သတ်ရန် ကြံစည်ကြသည် (တော. ၁၄:၆-၁၀)။



နောက်ပိုင်းတွင်လည်း အခြားဘုရားသခင်၏ တမန်များစွာတို့သည် ပယ်ချခြင်းခံခဲ့ရသည် (၂ ရာ. ၂၅:၁၅–၁၆; အာမုတ် ၇:၁၀–၁၃)။



အဘယ်ကြောင့်ငြင်းပယ်ကြသနည်း။ ဘုရားသခင်၏ သတင်းစကားသည် သူတို့မျှော်လင့်ချက်နှင့် မကိုက်ညီသည့်အပြင် မိမိတို့၏ အပြစ်ရှိသော အသက်တာကိုလည်း စွန့်လွှတ်လိုစိတ်မရှိသောကြောင့်ဖြစ်သည်။

သတင်းစကားကိုပယ်ချခြင်း



မထီမဲ့မြင်ပြုခြင်း

“ယေဟုဒိသည် သုံးလေးခန်းလောက် ဖတ်မိလျှင်၊ ရှင်ဘုရင်သည် စာရေး၏ဓားနှင့်လိုး၍ မီးမယ်ဖျူးပေါ်မှာရှိသော မီးထဲသို့ စာလိပ်ကို ချပစ်လျှင်၊ အကုန်အစင် ကျွမ်းလောင်လေ၏” (ယေရမိ ၃၆း၂၃)

ဘုရင်ယောယကိမ်လက်ထက်တွင် လူတို့သည် ကြီးလေးသောအပြစ်များကို ကျူးလွန်နေကြသည်။ ထို့ကြောင့် မိမိတို့၏ ဆိုးညစ်သောလမ်းစဉ်မှ နောင်တရစေရန် ဘုရင်နှင့် မျူးမတ်များအား သတိပေးဖို့ ပရောဖက်ပြုချက်များကို စာလိပ်ပေါ်တွင် ရေးသားရန် ဘုရားသခင်က ယေရမိအား မိန့်မှာတော်မူခဲ့သည် (ယေရမိ ၃၆:၁-၃)။


ယောယခိမ်မင်းကြီးသည် သတိပေးချက်ကို မထီမဲ့မြင်ပြုကာ တားမြစ်သူများရှိသော်လည်း စာလိပ်ကို မီးရှို့ဖျက်ဆီးခဲ့သည် (ယေရမိ ၃၆:၂၁-၂၅)။

ယင်းကြောင့် ယောယကိမ်မင်းအပေါ် ပြင်းထန်သော ပရောဖက်ပြုချက်ကို ကြေညာခဲ့ပြီး ဖျက်ဆီးခံရသော စာလိပ်ကိုလည်း ထပ်မံရေးသားကာ စကားများ ထပ်ဖြည့်ခဲ့သည် (ယေရမိ ၃၆:၂၇-၃၁)။



ကျမ်းစာကို မဖတ်ဘဲ မိမိစိတ်တိုင်းကျ ငြိမ်းချမ်းစွာ နေနိုင်မည်ဟု ထင်ကောင်းထင်မည်။ သို့သော် ဘုရားသခင်၏ သတိပေးချက်များကို လျစ်လျူရှုလျှင် မိမိတို့၏ အပြစ်နှင့် ဒုစရိုက်အကျိုးဆက်ကို ခံစားရမည်။





ခေါင်းမာခြင်း

“ဘုရားသခင် အကျိန်တိုက်ပြီးသော နေဗုခဒ်နေဇာမင်းကြီးကို ပုန်ကန်လေ၏။ ကြာသရေလအမျိုး၏ ဘုရားသခင်ထာဝရ ဘုရားထံတော်သို့ မပြန်မည်အကြောင်း၊ မိမိလည်ပင်းကိုလည်း၊ မိမိနှလုံးကိုလည်း ခိုင်မာစေ၏” (၂ ရာဇဝင်ချုပ် ၃၆:၁၃)



ယုဒ၏ နောက်ဆုံးဘုရင် ဇေဒကိသည် ဗာဗုလုန်ကို သစ္စာခံမည်ဟု ကျိန်ဆိုခဲ့သော်လည်း ပဋိညာဉ်ကို ဖောက်ဖျက်ခဲ့သည်။ ယေရမိမှတစ်ဆင့် ဘုရားသခင်ပေးသော သတိပေးချက်များကိုလည်း အကြိမ်ကြိမ် ငြင်းပယ်ခဲ့သည် (၂ ရာဇဝင်ချုပ် ၃၆:၁၂)။

ဗာဗုလုန်စစ်တပ်က ယေရုရှလင်မြို့ကို ဝိုင်းထားချိန်တွင် ဇေဒကိမင်းသည် ဘုရားသခင်၏စကားတော်ကို မေးမြန်းရန် ယေရမိကို ခေါ်ခဲ့သည် (ယေရမိ ၃၈:၁၄)။



ဗာဗုလုန်လက်သို့ အညံ့ခံလျှင် အသက်ချမ်းသာမည်ဟု ဘုရားသခင် မိန့်တော်မူသော်လည်း ဇေဒကိသည် နားမထောင်ဘဲ ခေါင်းမာခဲ့သဖြင့် ယေရုရှလင်မြို့ ပျက်စီးခဲ့ရသည် (ယေရမိ ၃၈:၁၇-၂၃; ၂ ရာဇဝင်ချုပ် ၃၆:၁၃)။



ဘုရားသခင်သည် နောင်တရ၍ အကျင့်ပြောင်းလဲရန် ၁၁ နှစ်တိုင်တိုင် မျှော်လင့်ချက်ပေးသော သတင်းစကားများကို သူ့ထံသို့ ပေးပို့ခဲ့သည်။ တို့ပြန်မှုကောင်းရှိသော်လည်း အမှန်တကယ် ပြုပြင်ပြောင်းလဲခြင်း မရှိခဲ့ပါ (ယေရမိ ၃၄:၈–၁၁)။

ဟန်ဆောင်ခြင်း

"ထိုကြောင့် သူတို့စီရင်ထုံးဖွဲ့သမျှတို့ကို စောင့်ရှောက်၍ ပြုကြလော့။ သူတို့၏ အကျင့်အတိုင်း မကျင့်ကြနှင့်။ အကြောင်းမူကား၊ သူတို့သည် စီရင်ထုံးဖွဲ့သော်လည်း ကိုယ်တိုင်မကျင့်ကြ" (မဿဲ ၂၃း၃)



အဘယ်ကြောင့် ယေရှုက ဖာရိရှဲများ ဟန်ဆောင်သူများဟု ခေါ်သနည်း

သူတို့သည်တစ်မျိုးပြောပြီး တစ်မျိုးလုပ်သောကြောင့်ဖြစ်သည် (မဿဲ ၂၃း၃)

သူတို့သည် အခြားသူများကို လေးလံသောဝန်တင်ပြီး၊ ထိုဝန်များကိုထမ်းလိုစိတ်မရှိကြပါ (မဿဲ ၂၃း၄)

သူတို့ပြုသမျှကို လူအများမြင်စေရန် ဟန်ဆောင်ပြသကြသည် (မဿဲ ၂၃း၅)

သူတစ်ပါးကုဏ်ပြုခံလိုကြသော်လည်း သူတစ်ပါးကိုကုဏ်မပြုလိုကြပါ (မဿဲ ၂၃း၆-၇၊ ၁၁-၁၂)

ပရောဖက်များကို ချီးကျူးကုဏ်ပြုကြသော်လည်း သတင်းစကားကိုမူမနာခံကြပါ (မဿဲ ၂၃း၂၉-၃၁)

အမှုဆောင်ဟုဆိုကြသော်လည်း ဘုရားကိုယ်စားမိန့်ကြားသူများကို သတ်ဖြုတ်စည်ကြသည် (မ ၂၃း၃၄)

ယေရှု၏ ဖာရိရှဲအယောင်ဆောင်သူများအပေါ် ဆုံးမစကားများသည် သူတို့၏ အကျင့်ကို မလိုက်ဘဲ ဘုရားသခင်၏ သတင်းစကားကို ငြင်းပယ်စေသော သဘောထားနှင့် အတွေးများကို စွန့်ပယ်ရန် သွန်သင်ထားခြင်းဖြစ်သည်။

လက်တွေ့အသုံးချခြင်း



ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေ ဖြစ်အံ့သောငှာ ထိုသူတို့၌ ရောက်ကြ၏။ ကပ်ကာလ အဆုံးတွင် ဖြစ်သောငါတို့ကို ဆုံးမစရာဖို့ ကျမ်းစာ၌ ရေးထား လျက်ရှိသတည်း” (၁ ကောရိန္သု ၁၀း၁၁)

“အတိတ်သမိုင်းကို မမှတ်မိသူတို့သည် ထိုအမှားများကိုပင် ထပ်မံကျူးလွန်ရမည့် အခြေအနေသို့ ရောက်ကြရသည်” — George Santayana


လူသားတို့သည် ဘုရားသခင်နှင့် တွေ့ကြုံခံစားခဲ့ရသည့်အတွေ့အကြုံများကို ကောင်း သည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လျစ်လျူရှု၍မရပါ။ တန်ဖိုးမဲ့ဟုလည်း မယူဆသင့်ပါ။

အတိတ်ကာလသည် အနာဂတ်အတွက် နိဒါန်းဖြစ်တတ်သည်။ ယနေ့ဖြစ်ပျက်နေ သည့်အရာများနှင့် အနာဂတ်တွင် ဖြစ်လာမည့်အရာများကိုလည်း အတိတ်ကာလ က အခြေခံပေးလေ့ရှိသည်။

ကျမ်းစာသတိပေးချက်များနှင့် ပရောဖက်များမှတစ်ဆင့် ဘုရားသခင်ပေးသော သ တင်းစကားများကို အလေးထားလိုက်နာပါက အတိတ်မျိုးဆက်များ၏ အမှားများ ကို ကျွန်ုပ်တို့ ထပ်မံကျူးလွန်ရန် မလိုအပ်ပါ (၁ ကော. ၁၀:၁၁)။




“သင်တို့၏ဘုရားသခင် ထာဝရဘုရားကို ယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည်ကြလိမ့်မည်။ ကိုယ်တော်၏ ပရောဖက်တို့ကို ယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင်ကြလိမ့်မည်”(၂ ရာဇဝင်ချုပ် ၂၀:၂၀)



“ဆုံးမသတိပေးခြင်းကို ဆန့်ကျင်သောစိတ်သည် ယနေ့တိုင် ရှိနေဆဲဖြစ်သည်။ လူများစွာသည် ဘုရားသခင်၏ သတိပေးချက်များကို ပယ်ချကာ မိမိတို့အပြစ်ကို လျစ်လျူရှုပြီး ချော့မော့ပြောဆိုသော မိစ္ဆာဆရာများကိုသာ နားထောင်ကြသည်။ သို့သော် ဒုက္ခကာလ၌ ခိုင်မာသောခိုလှုံရာနှင့် ကောင်းကင်အကူအညီကို ရရှိကြမည်မဟုတ်။ ထို့ကြောင့် ဘုရားသခင်ရွေးချယ်တော်မူသော အစေခံများသည် ကဲ့ရဲ့ခြင်း၊ လျစ်လျူရှုခြင်းနှင့် မဟုတ်မမှန်စွပ်စွဲခြင်းတို့ကို ရရှင့်ခြင်း၊ သည်းခံခြင်းဖြင့် ရင်ဆိုင်ကာ မိမိတို့အား အပ်နှင်းတော်မူသော အမှုတော်ကို သစ္စာရှိစွာ ဆက်လက်ထမ်းဆောင်ရမည်။ အကြောင်းမူကား ရှေးပရောဖက်များ၊ ကယ်တင်ရှင်သခင်ယေရှုနှင့် တမန်တော်များသည်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်အတွက် ကဲ့ရဲ့ညှဉ်းပန်းခြင်းကို ခံခဲ့ကြရသည်။

EGW (Prophets and Kings, p. 438)

နောက်ဆက်တွဲ – အယ်လင် ဂျီဋိုက်၏ ရူပါရုံများ



အယ်လင်ဂျီဋိုက်သည် လူအများရှေ့တွင် ရူပါရုံရနေစဉ် ထူးခြားသောဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။ အသက်ရှူခြင်းမရှိဘဲ မျက်လုံးဖွင့်ထားကာ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို သတိမပြုမိခဲ့ပါ။



အချို့က သူမသည် မိမိကိုယ်ကို ညှို့ယူခြင်း (Mesmerism) ဖြစ်သည်ဟု စွပ်စွဲခဲ့ကြသော်လည်း၊ ဗျာဒိတ်ရူပါရုံသို့ ဝင်ရောက်ချိန်နှင့် ပြန်လည်ထွက်လာချိန်ကို သူမကိုယ်တိုင် ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပါ။



အယ်လင်သည် ဗျာဒိတ်ရူပါရုံခံယူနေစဉ် ဂျိမ်းစ်ဋိုက်သည် သူမ၏ ရူပါရုံခံယူမှုသည် သဘာဝလွန်ဘုရားသခင်၏ အမှုတော်ဖြစ်ကြောင်း သံသယကင်းစေရန်နှင့် သူမအား ဆန့်ကျင်သူများ၏ သံသယများကို ပယ်ဖျောက်နိုင်ရန်၊ ယုံကြည်သူများ၏ ယုံကြည်ခြင်းကိုလည်း ခိုင်မာစေရန် သံသယရှိနေသူများအား သူမကို စစ်ဆေးလေ့လာခွင့် ပြုခဲ့သည်။

သူမသည် ညှို့ယူခြင်း (Mesmerism) ကြောင့် ထိုသို့ဖြစ်ရသည်ဟု စွပ်စွဲသူများပင် သူမသည် အမှန်တကယ် အသက်မရှူကြောင်း မြင်တွေ့ရသဖြင့် အလွန်အံ့သြထိတ်လန့်ကာ ဗျာဒိတ်ရူပါရုံ ဖြစ်ပေါ်နေသည့်နေရာမှ ထွက်ပြေးသွားကြသည်။